ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

## ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း ကျဆုံးသည့် (၃၃)နှစ်မြောက် အာဇာနည်နိ ထုတ်ပြန်ချက်

ထုတ်ပြန်ချက်အမှတ် – ၃/၂၀၁၀

ခရစ်သက္ကရာဇ် ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ(၄)ရက်နိသည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၏ ဥက္ကဋ္ဌကြီးနှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)၏ ဖခင်ကြီး ခိုင်မိုးလင်း ကျဆုံးသည့် (၃၃)နှစ်မြောက်နိပင်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း သည် ရခိုင်ပြည်နှင့်ရခိုင်ပြည်သူတရပ်လုံး လွတ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သူတဦးဖြစ်ပြီး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)ကို အခက်အခဲအမျိုးမျိုးကြားမှ စတင်တည်ထောင်ခဲ့သူ မျိုးချစ်သူရဲကောင်းတဦးလည်းဖြစ်ပါသည်။ ထို့အပြင် တော်လှန်ရေးတပ်ပေါင်းစုကြီးတခုဖြစ်သည့် “အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)”ကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သည့် ခေါင်းဆောင်တဦးလည်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း သည် သူ၏ခိုင်မာသည့် ယုံကြည်ချက်၊ ဦးတည်ချက်များကိုကိုင်စွဲလျှက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)ကိုဦးစီးကာ မဟာမိတ်ကရင်နယ်မြေမှ ၁၉၇၆ ခု၊ ဇွန်လ (၂၀)ရက်နိတွင် ရခိုင်ပြည်သို့ စတင်ချီတက်ခဲ့သည်။ မဟာမိတ်တော်လှန်ရေးအင်အားစုများ၏ နယ်မြေအသီးသီးကိုဖြတ်ကျော်ကာ မိုင်ပေါင်း(၂၀၀၀)ကျော်ခရီးကို ချီတက်ခဲ့ပြီးသည့်နောက် အဖရခိုင်ပြည်နှင့်နယ်စပ် ချင်းပြည်နယ်သို့အရောက် လမ်းခရီးတွင် ရန်သူမဆလတပ်ဖွဲ့များ၏ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်မှုများမှ ဖောက်ထွက်လွတ်မြောက်ရန် မဖြစ်နိုင်တော့သည့်အဆုံး ၁၉၇၇ ခု၊ ဇွန်လ (၄)ရက်နိတွင် ရန်သူ့ထံ၌ ဒူးထောက်လက်မြှောက်အယုံ့မပေးပဲ မိမိကိုင်ဆောင်သည့် ပစ္စတိုဖြင့် မိမိကိုယ်ကိုအဆုံးစီရင်ကာ အာဇာနည်ပီသစွာ ကျဆုံးလားခဲ့ပါသည်။ ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း ကျဆုံးလားခြင်းသည် အဖရခိုင်ပြည်နှင့်ရခိုင်လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးယှုံးမှုကြီးပင်ဖြစ်ပါသည်။

ရခိုင့်အာဇာနည်ပီပီ ရဲရင့်ပြတ်သားစွာဆုံးဖြတ်၍ ဆုံးဖြတ်သည့်အတိုင်း တသွေမတိမ်း အကောင်အထည်ဖော်တတ်သည့် ဥက္ကဋ္ဌကြီး ခိုင်မိုးလင်း ၏ သတ္တိ၊ ဗျတ္တိနှင့် အမျိုးသားအပေါ်ထားခဲ့သည့် မိတ္တာစစ်၊ မိတ္တာမှန်ရှိသည် အကျွန်ရှိနှင့်ထပ်တူ ရခိုင်ပြည်သူများ၏ နှလုံးထဲအသည်းထဲ၌ ထာဝစဉ်သတိရ ရှင်သန်နိန်မည်ဖြစ်ပါသည်။

ဤဝမ်းနည်းဖွယ်နိရက်အခါသမယတွင် အကျွန်ရှိသည် ရခိုင့်အာဇာနည် သူရဲကောင်းကြီးအား ဦးညွှတ်အလေးပြုလျှက် သူချမှတ်ထားခဲ့သည့် အောက်ပါလမ်းစဉ်မူဝါဒများကို တသွေမတိမ်း ဆက်လက်ကိုင်စွဲကာ ရခိုင်ပြည်နှင့်ရခိုင်လူမျိုး လွတ်မြောက်သည်အထိ မဆုတ်မနစ် ဆက်လက်တိုက်ပွဲဝင်လားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုအပ်ပါသည်။

☆ ရခိုင်ပြည်လွတ်လပ်ရေးအတွက် ရခိုင့်တပ်မတော်ကိုတည်ဆောက်ကြ။
☆ ရခိုင်ပြည်လွတ်လပ်ရေးအတွက် ဘဝတူတော်လှန်ရေးများနှင့်လက်တွဲကြ။
☆ ရခိုင်ပြည်လွတ်လပ်ရေးသည် လက်နက်ကိုင်တိုက်ပွဲမှတပါး အခြားသောနည်းလမ်းမဟိ။
☆ ရခိုင်ပြည်လွတ်လပ်ရေးသည် ရခိုင့်အမျိုးသားစည်းလုံးညီညွတ်ရေးလက်ထဲတွင် အခိုင်အမာတည်ဟိသည်။
☆ ရန်သူ့ထံလက်မြှောက်အယုံ့ပီးခြင်းသည် အဖိနှိပ်ခံပြည်သူများအပေါ် ခွင့်မလွှတ်နိုင်သော ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

ဤရခိုင့်အာဇာနည်နိအခါသမယတွင် ရခိုင်ပြည်သူတရပ်လုံးအား အကျွန်ရို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ အနိန်ဖြင့် အလီးအနက် တိုက်တွန်းလိုသည်မှာ–

– အကျွန်ရို့ဆင်နွှဲနိန်သည့် နယ်ချဲ့ဆန့်ကျင်ရေး ရခိုင်ပြည်လွတ်မြောက်ရေးစစ်ပွဲတွင် ကျရာနီရာ၊ တတ်နိုင်သည့်အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကြပါ။
– ရခိုင်ပြည်နှင့်ရခိုင်လူမျိုးအား အမှန်တကယ် အာမခံ အကာအကွယ်ပီးနိုင်ရန်အတွက် ကျစ်လစ်ခိုင်မာပြီး အင်အားတောင့်တင်းသော ရခိုင့်မျိုးချစ်လက်နက်ကိုင်တပ်မတော်ကြီးတရပ်ကို တည်ဆောက်ရာ၌ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပါဝင်ကြပါ။
– အဖရခိုင်ပြည်ကြီးကို မတရားကျူးကျော်နယ်ချဲ့အုပ်ချုပ်ထားသူ နယ်ချဲ့အုပ်စိုးသူရို့အား ရခိုင်ရို့၏ အမျိုးသားရန်သူအဖြစ်သတ်မှတ်ပြီး **"အလုံးစုံတော်လှန်ရေး"** ဆင်နွှဲခြင်းဖြင့် ရခိုင်ရို့၏ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ။
– နအဖ စစ်အစိုးရ၏ ၂၀၁၀ ရွီးကောက်ပွဲသည် အကျွန်ရို့ ရခိုင်ပြည်နှင့်ရခိုင်လူမျိုးအပေါ် ဆက်လက်ပြီး တရားဝင်စစ်ကျွန်ပြုမည့် အစီအစဉ်ဖြစ်သောကြောင့် ရခိုင်ပြည်သူလူထုတရပ်လုံးမှ ဝိုင်းဝန်းဆန့်ကျင်ကြပါ။

**ရခိုင်ပြည်တော်လှန်ရေး မုချအောင်ရမည်။ ရခိုင်ပြည် လုံးဝ လွတ်လပ်ရမည်။**

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)
ရခိုင်ပြည်။

၂၀၁၀ ပြည့်နှစ်၊ ဇွန်လ (၄)ရက်

ဆက်သွယ်ရန် – +၈၈၀–၁၇၃ ၂၆၄၉၀၀၇
+၈၈၀–၁၉၂ ၄၇၄၇၃၂၁